ndis

## ယဉ်ကျေးမှုနှင့် ဘာသာဗေဒ ကွဲပြားမှုဗျူဟာကို ပြန်လည်ဆန်းသစ်ခြင်း

[1]NDIS (National Disability Insurance Scheme-အမျိုးသားမသန်မစွမ်းဖြစ်မှုအာမခံအစီအမံ) သည် ၂၀၂၂ ခုနှစ်တွင် ယဉ်ကျေးမှုနှင့် ဘာသာဗေဒ ကွဲပြားမှု ဗျူဟာ (မဟာဗျူဟာ) ကို ပြန်လည် ဆန်းသစ် နေသည်။

ကျွန်ုပ်တို့သည် နောက်ဆုံးပေါ် မဟာဗျူဟာနှင့် လုပ်ဆောင်ချက် အစီအစဉ်ကို ရပ်ရွာလူထုနှင့် ပါဝင်သူများနှင့် အတူ ပူးတွဲ ရေးဆွဲ လိုချင်သည်။

ယဉ်ကျေးမှုအရ သို့မဟုတ် ဘာသာစကား ကွဲပြားသော နောက်ခံများမှ မသန်စွမ်းဖြစ်သူများကို ကူညီပံ့ပိုးပေးသည့် ပိုမိုကောင်းမွန်သော အလုပ်တစ်ခုကို မည်သို့ လုပ်ဆောင်ရမည်ကို ကျွန်ုပ်တို့ သိရှိလိုပါသည်။ ၎င်းတွင်-

- လူများအား NDIS သို့ ဝင်ရောက်လာနိုင် ရန် ကူညီခြင်း။
- ကျွန်ုပ်တို့သည် ပါဝင်သူများအား ယဉ်ကျေးမှုအရ နှင့် ဘာသာစကားအရ ထိလွယ်ရှလွယ်သော ဝန်ဆောင်မှုများကို မည်ကဲ့သို့ မြှင့်တင် ပေးမည်နည်း။

[2]CALD (Culturally and Linguistically Diverse - ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားသည်) အသိုင်းအဝိုင်းထံမှ ၎င်းတို့၏ အတွေ့အကြုံများကို ကျွန်ုပ်တို့ ကြားလိုပါသည်။ ၎င်းသည် ဝင်ရောက်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ အစီအစဉ်များကို အသုံးပြုခြင်း၊ အစောပိုင်း ကလေးဘဝ ဝန်ဆောင်မှုများ ([3]ECS) Early Childhood Services နှင့် NDIS ဝန်ဆောင်မှုများကို အကျုံးဝင်စေနိုင်သည်။

ကျွန်ုပ်တို့သည်ယဉ်ကျေးမှုကွဲပြားမှုနှင့် ဘာသာစကားကွဲပြားမှုကြား ခြားနားချက်ရှိနေသည်ကိုသိပြီး ကျွန်ုပ်တို့သည်ပံ့ပိုးကူညီမှုအတွက် ၎င်းသည် အဘယ်အရာဆိုသည်ကို ပိုမိုလေ့လာလိုပါသည်။

ကျွန်ုပ်တို့သည် ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားသော ပါဝင်သူများ၊ မိသားစုများ၊ ပြုစုစောင့်ရှောက်သူများနှင့် အသိုင်းအဝိုင်းတို့နှင့် အတူတကွ နားထောင်ရန်၊ သင်ယူရန်နှင့် လုပ်ဆောင်ရန် အချိန်ယူနေပါသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ၊ အဆင့်သုံးဆင့်ဖြင့် ချဉ်းကပ်ဆောင်ရွက်ပါမည်။

၁. NDIS ကို လျှောက်ထားရာတွင် နှင့် အသုံးပြုရာတွင် CALD ပြည်သူများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို နားလည်ရန် ရပ်ရွာ၊ကဏ္ဍများနှင့် ပူးပေါင်းလုပ်ဆောင်မည်။
၂. ပါဝင်သူများ၊ ရပ်ရွာနှင့် အဓိက [4]NDIA ( National Disability Insurance Agency- အမျိုးသားမသန်မစွမ်းဖြစ်မှုအာမခံအေဂျင်စီ) ဝန်ထမ်းများနှင့် ပြန်လည်ဆန်းသစ်ထားသော မဟာဗျူဟာနှင့် လုပ်ဆောင်ချက်အစီအစဉ်ကို ပူးတွဲရေးဆွဲမည်။
၃. CALD ပါဝင်သူများ၊ ရပ်ရွာနှင့် အဓိက NDIA ဝန်ထမ်းများနှင့် အဆိုပြုထားသော မွမ်းမံထားသော မဟာဗျူဟာနှင့် လုပ်ဆောင်ချက်အစီအစဉ်ကို စမ်းသပ်မည်။

NDIS နှင့် ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေရန် လူများအတွက် စင်စစ် အတွင်း-ဘာသာစကား ကျင်းပချိန်များကို ကျွန်ုပ်တို့ လက်ခံကျင်းပပါမည်။
ဤဖြစ်ရပ်များ၏အသေးစိတ်အချက်အလက်များကို ndis.gov.au/CALD တွင် သင်ရှာဖွေနိုင်ပါသည်။

---

[1] NDIS အမျိုးသားမသန်မစွမ်းဖြစ်မှုအာမခံအစီအမံ
[2] CALD ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားသည်
[3] ECS အစောပိုင်းကလေးဘဝဝန်ဆောင်မှုများ
[4] NDIA အမျိုးသားမသန်စွမ်းဖြစ်မှုအာမခံအေဂျင်စီ